

မောင်ကျော်သာ (ပဲခူး)

# သေဆုံးနေသည့် ဘုရားသခင်

(ဝတ္ထုတို စုစည်းမှု)

# နိဒါန်း

အမေ

အမေရဲ့ သားဟာ

ချမ်းသာတဲ့လူ တစ်ယောက်

ဖြစ်မလာခဲ့ဘူး။

• အမေ

အမေ့ရဲ့ သားဟာ

အမေရဲ့ ကမ္ဘာမြေကြီးအတွက်

မ ဖြစ်စလောက် လက်ဆောင်မျှသာ

ပေးနိုင်ခဲ့ပါတယ်။

ဒီအတွက်

အမေ. ကျွန်တော့် ကို ခွင့်လွှတ်ဖို့

တောင်းပန်ပါရစေ။

မောင်ကျော်သာ (ပဲခူး)

♥ ♥ ♥

• သေခြင်းတရားဆိုတဲ့ ရန်သူဟာ ကျုပ်ကို လုပ်ကြံသတ်ဖြတ်ဖို့

တဖြည်းဖြည်းနီးလာပေမယ့် သူ့ကိုရင် ဆိုင်ဖို့ ကျုပ်မှာ ဘယ်လိုမှ အဆင်သင့်မ ဖြစ်ခဲ့ဘူး။ သူ့ဆီက ပစ်လွှတ်လိုက်တဲ့ အဆိပ်ပြင်းပြင်း မြှားတစ်စင်း ဟာ ကျုပ်နှလုံးသားတည့်တည့်ကို စူးနစ် စိုက်ဝင်မယ်မှန်းသိလျက်နဲ့ ကျုပ်က ဒီအတိုင်းပဲ ငြိမ်ကြည့်နေရတာ ဒီမြှားဟာဘယ်လောက်ထူတဲ့ သံချပ်အင်္ကျီ ဖြစ်ပါစေ၊ ထိုးဖောက်ဝင်ရောက် စိုက်ဝင်စူးနစ်မယ့် မြှားဆိုတာကို။

(ခဏိကကောင်းကင်မှ)

• နှစ် ဆယ့်တစ်ရာစုမှာ ကျွန်တော် တို့ ဘာတွေ တွေ့နိုင်မှာ ပါလဲ။ မသေဆေးကို ရှာဖွေတွေ့ရှိနိုင်မှာ လား။ ပျော်ရွှင်ဖွယ်လူနေမှု စနစ်တစ်ခုလား။ အေအိုင်ဒီအက်စ် ဒါမှမဟုတ် ကင်ဆာအတွက် လုံးဝစိတ်ချရတဲ့ အာမခံချက်တစ်ခုလား။ ဒါမှမဟုတ် လူတွေ မဖျက်ဆီးရသေးသည့် ဂြိုလ်သစ်တစ်ခုလား။

(နှစ် ဆယ့်တစ်ရာစုသို့ဝင်ရောက်ခြင်းမှ)

• ပျို့အန်ချင်စရာကောင်းတဲ့သူတွေ ထဲမှာ ခင်ဗျားမပါဘူးဆိုတာ ကျွန်တော် ယုံကြည်ခဲ့ပါသည်။ ဒါပေ မယ့် တချို့လူတွေ ကို ကြည့်ရသည်မှာ ခွေးသေကောင်ပုပ်တစ်ကောင်ကို ကြည့်ရသလို ပျို့အန်ချင်စရာ ကောင်းနေခဲ့သည်။ ကွယ်ရာမှာ အတင်းပြောတတ်ပြီး အရာရာမှာ ကိုယ်သာသိသည် ထင်သူများ ကို ကျွန်တော် မှန်း၍ ကိုယ့်ကိုယ်ကိုယ်ယုံကြည်ခဲ့လျှင် ရန်ကုန်မြစ်ရေတတ်ချိန်မှာ ဟိုဘက်ကမ်းရောက်အောင် လက်ပစ်ကူးကြည့်စမ်းပါ။

(ပျောက်ဆုံးနေသော ကုတ်အင်္ကျီမှ)

• ကမ္ဘာမြေကြီးဟာ နှစ် ဆယ့်သုံးနှစ် ပိုင်းတစ်ပိုင်း ဒီဂရီတိမ်းစောင်းနေပေမယ့် လူတွေ က လိုက်စောင်း လို့မရဘူးကွ။ လူဆိုတာ တည့်တည့် မတ်မတ်ရပ်နိုင်ရမယ်။ ထိုစကားကို အသံကုန်အော်ဟစ်နေသူဟာ လမ်းမပေါ်မှာ လဲနေသည့် အမူးသမား တစ်ယောက် ပဲ ဖြစ်သည်။ သူဟာမြေကြီးပေါ်မှာ တည့်တည့်မတ်မတ် မရနိုင်တာ နှစ်

ပေါင်းများ စွာ ကြာခဲ့ပေမယ့် ထိုစကားကိုတော့ အရက်မူးပြီး လဲကျနေတိုင်း အော်ဟစ်ကောင်း ဆဲ ဖြစ်သည်။

(ကောင်းကင်အောက်က မြို့ ကလေးမှ)

• ပျော်ရွှင်မှု ဆိုတာ ပလိုင်းပေါက်ထဲ ဖားကောက်ထည့်ရသလိုပါပဲဗျာ။ ဝမ်းသာအားရပြန်ပြီးကြည့်တဲ့ အခါ ပလိုင်းထဲမှာ ဖားတစ်ကောင်မှ မရှိတော့ဘူး။ ကျွန်တော့ပလိုင်းပေါက်ထဲကိုထည့်ဖို့ ပျော်ရွှင်မှု ဆိုတဲ့ ဖား တစ်ကောင်လောက်ရှာပေးစမ်းပါ။

(အစ္စုတ္တလေမှ)

• အို ဘုရားသခင် အရှင်သာ ကြွလာမယ်ဆိုရင် တပည့်တော် မဆီကို အရင်ဆုံးကြွတော် မူပါ။ တပည့် တော် မမှာ အဖေမရှိပါဘူး။ အမေက တပည့်တော် မအဖေနဲ့ ပတ်သက်ပြီး ဘယ်တုန်းကမှ မပြောခဲ့လို့ပါ။ အခု တော့ အမေလည်းမရှိတော့လို့ တပည့်တော် မလည်း ကိုယ့်အဖေအရွယ်တွေ ကို နှိပ်နေရတဲ့ အနှိပ်ခန်းတစ်ခု မှာ သော င်းတင်နေရပါပြီ။ ဒီထဲမှာ တပည့်တော် မရဲ့ အဖေဘယ်တော့များ ပါလာမလဲဆိုတာ အမြဲစိုးရိမ်နေရ လို့ပါဘုရား။

(သေဆုံးနေသည့် ဘုရားသခင်မှ)

ပြတာမှ အစုံပဲ ကိုယ့်လူရေ၊ အဲဒီ ထင်းရှူး သေတ္တာထဲကပဲ ခိုတွေ အကောင်တစ်ရာလောက် ပျံထွက် သွားကြတယ်။ အဲဒီ ထင်းရှူး သေတ္တာထဲကပဲ ငွေတစ်တောင်တန်အုပ်တွေ အများ ကြီးထုတ်ပြတယ်။ အဲဒီ ထင်းရှူး သေတ္တာထဲကပဲ အထည်ဆိုင်တစ်ဆိုင်စာလောက်ရှိတဲ့ ပိတ်စရောင် စုံတွေ ထုတ်ပြတယ်။ အဲဒီ သေတ္တာထဲကပဲ ဂျော့ဒဗလူဘုရှ်ကို ထုတ်ပြတယ်။ မာကိုပိုလိုကို ထုတ်ပြတယ်။ ဗလာတီမာပူတင်ကို ထုတ်ပြတယ်။ ဟစ်တလာကို ထုတ်ပြတယ်။ ဟစ်မိုလာပျောက်ကျား တစ်ယောက် ကို ထုတ်ပြတယ်။ မက်ဒေါ် နားကိုထုတ်ပြတယ်။

(မျက်လှည့်ဆရာမှ )

♥ ♥ ♥

# ခဏိကကောင်းကင်

## (တစ်)

မြက်ခင်းပြင်ကြီးက မျက်စိတဆုံး ကျယ်ပြန့်လွင့်စင်နေ၏ ။ ထိုမြက်ခင်းပြင်ကြီးထဲမှာ သားရေရွက်ဖျင် တဲတွေ ကလည်း မျက်စိတဆုံး ပြည့်နှက်လျက်ရှိသည်။

ပြီးတော့ . . .

မြင်းတွေ . . .

လူတွေ . . .

စစ်အလံတွေ . . .

တံပိုးခရာတွေ . . .

ဒိုင်းတွေ . . .

မြားတွေ . . .

ဓားတွေ . . .

လှံတွေ . . .။

မကြာမီ ရာနှင့် ချီသော ငှက်တစ်အုပ်လည်း ထိုမြက်ခင်းပြင်ကြီးထဲ ပျံသန်းဖြတ်ဝင်လာကြ၏ ။ မြေပြင် မှလေးကိုင်း ဖြုတ်သံတွေ နှင့် အတူ မြားထောင်ပေါင်းများစွာ ဟာ ကောင်းကင်မှာ ပျံတက်လာကြ၏ ။ လွင်ပြင် ကြီးကို ဖြတ်သန်းမိသော ငှက်တစ်အုပ်မှာ လည်း မြားတွေ တန်းလန်းနှင့် မြေပြင်သို့ ထိုးကျသေဆုံးကုန်ကြ သည်။

ထိုမြင်ကွင်းကိုကြည့်ပြီး ဂျင်ဂစ်ခန်က ကျွန်တော့်သေရည်ခွက်ထဲ သေရည်ထပ်ဖြည့်ပေးရန် သူ့လူ တွေ ကို မျက်ရိပ်ပြလိုက်သည်။ ``ဒီလိုစစ်သည်တွေ ၊

ဒီလိုလေးမြားတွေ နဲ့ဆိုရင် ခင်ဗျားကိုတိုက်ခိုက်ဖို့ ဘယ် ရန်သူမှ တတ်နိုင်မှာ မဟုတ်တော့ဘူး ဂျင်ဂစ်ခန်´´။ သေရည်ခွက်ကို ကောက်ကိုင်ရင်း ဂျင်ဂစ်ခန်ကို ကျွန်တော် ပြောလိုက်သည်။ ဂျင်ဂစ်ခန်က ကျွန်တော့်စကားကို ကြားဟန်မတူပါ။ သူ့မျက်လုံးတွေ ဟာ အဝေး ဆီကိုသာ ငေးကြည့်နေသည်။ ဒါပေမဲ့ သူကြည့်နေသည့် အဝေးဆိုသည်က အစအဆုံးမရှိ ကျယ်ပြန့်နေသည့် မြက်ခင်းပြင်ကြီးကိုလား၊ အစအဆုံးမရှိ ဝေးလွင့်နေသည့် မိုးကောင်းကင်ကြီးကိုလား၊ ဒါမှမဟုတ် သည့်ထက် ဝေးကွာလွန်းသည့် သံသရာခရီးရှည်ကြီးကိုလား ဆိုသည် ကတော့ ကျွန်တော် သိနိုင်မည် မဟုတ်ပါ။

``ဒီလိုစစ်သည်တော် တွေ ၊ ဒီလိုလေးမြားတွေ နဲ့ဆိုရင် ခင်ဗျားကိုတိုက်ခိုက်ဖို့ ဘယ်ရန်သူမှ တတ်နိုင် မှာ မဟုတ်ဘူး ဂျင်ဂစ်ခန်´´

ကျွန်တော် က ဂျင်ဂစ်ခန်ကို ထပ်ပြောလိုပြန်သည်။ ထိုအချိန်မှတော့ ဂျင်ဂစ်ခန်ဟာ သူ့ရဲ့ သေရည် ခွက်ထဲက သေရည်အားလုံးကို မော့ချရင်း စကားတချို့ အန်ချလာသည်။

``တတ်နိုင်တာပေါ့ မိတ်ဆွေ၊ ကျုပ်ကို သတ်ဖို့လာနေတဲ့ ရန်သူ တစ်ယောက် ကို ဒီလောက်အင်အား ကြီးတဲ့ စစ်သည်တွေ နဲ့တိုက်ထုတ်ဖို့ ဘယ်လိုမှမရနိုင်မှန်း စဉ်းစားမိတိုင်း ကျုပ်အိပ်မပျော်တာ ကြာပါပြီ။ ဟုတ်တယ်၊ သေခြင်းတရားဆိုတဲ့ ရန်သူဟာ ကျုပ်ကိုလုပ်ကြံသတ်ဖြတ်ဖို့ တဖြည်းဖြည်း နီးလာပေမယ့် သူ့ကိုရင်ဆိုင်ဖို့ ကျုပ်မှာ ဘယ်လိုမှ အဆင်သင့်မ ဖြစ်ခဲ့ဘူး။ သူ့ဆီက ပစ်လွှတ်လိုက်တဲ့ အဆိပ်ပြင်းပြင်းမြား တစ်စင်းဟာ ကျုပ်နှလုံးသားတည့်တည့်ကို စူးနစ်စိုက်ဝင်မယ်မှန်း သိလျက်နဲ့ ကျုပ်ကဒီအတိုင်းပဲ ငြိမ်ကြည့်နေရတာ ။ ဒီမြားဟာ ဘယ်လောက်ထူတဲ့ သံချပ်အင်္ကျီဖြစ်ပါစေ၊ ထိုးဖောက်ဝင်ရောက် စိုက်ဝင်စူးနစ်မယ့်မြား ဆိုတာကို´´

သူစကားက ထိုနေရာမှာ ပင် ရပ်တန့်သေဆုံးသွားသည်။ စစ်ဘုရင်ကြီး တစ်ယောက် ထံမှ မမျှော်လင့်သည့်စကားကို ကြားလိုက်ရသည့်အတွက် အံ့အားသင့်စွာ ကျွန်တော် ငေးကြည့်နေမိသည်။ ဂျင်ဂစ်ခန် ကတော့ သူ့ရဲ့ သေရည်ခွက်ထဲကို သူကိုယ်တိုင်သေရည်ထပ်ဖြည့်လောင်းချကာ . . .။

♥♥♥

(နှစ် )

ဖြူဖွေးနေသည့် ဆံပင်တွေ နှင့် ဖြူဖွေးနေသည့် နှုတ်ခမ်းမွေးပိုင်ရှင်အဘိုးကြီးက သူ့တယောအိုလေးကို ပခုံးမှာ ထောက်ရင်း တစ်စုံတစ်ခုသော တေးတစ်ပုဒ်ကို တီးခတ်နေသည်။ ထိုတေးဟာ ဗီသိုဗင်ရဲ့ ကရုဏာဆို နာတာတေးလား၊ ဒါမှမဟုတ် မိုးဇက်ရဲ့ အကျော်ကြားဆုံးတေးတစ်ပုဒ်လား၊ ကျွန်တော် စိတ်မဝင် စားပါ။

ကျွန်တော် စိတ်ဝင်စားတာက အဘိုးကြီးရဲ့ မျက်လုံးတွေ နှင့် နဖူးပေါ်က အရေး အကြောင်းတွေ ပဲ ဖြစ် သည်။ ထိုအဘိုးကြီးရဲ့ မျက်လုံးတွေ နှင့် နဖူးပေါ်က အရေး အကြောင်းတွေ ဟာ အရာရာကို အပိုင်ရခဲ့ပြီးမှ အရာရာကို စွန့်လွှတ်ထားခဲ့သည့် အမှတ်အသားတွေ နှင့် တူသော ကြောင့် ဖြစ်သည်။

ထိုအဘိုးကြီးဟာ ဘယ်လ်ဂျီယံဘုရင်မကြီး ဖိတ်ကြားသဖြင့် ဘယ်လ်ဂျီယံနိုင်ငံသို့ ရောက်ရှိခဲ့ရာ ဘူတာရုံမှ ဘုရင်မကြီးနန်းတော် ထဲအထိ လက်ဆွဲသေတ္တာနှင့် တယောအိတ်ကို ဆွဲပြီးလမ်းလျှောက်သွားခဲ့ သူလည်း ဖြစ်သည်။ ဇိမ်ခံကားကြီးနှင့် လာကြိုနေသော ကြိုဆိုရေး အဖွဲ့သည် အဝတ်အစားခပ်နွမ်းနွမ်းနှင့် သူ့ကိုမမှတ်မိခဲ့ကြချေ။ ဘုရင်မကြီးက ``ကားမစီးဘဲ ဘာလို့လမ်းလျှောက်လာတာလဲ ´´ဟုမေးသည့်အခါ ``လမ်းလျှောက်ရတာ ကောင်းလို့ပါ´´ဟု သူကဆိုခဲ့ပြန်ပါသည်။

ထိုအဘိုးကြီးဟာ ငယ်ငယ်က စာအတော် ညံ့ပြီး ကြီးလာသည့်အခါ ကမ္ဘာပေါ်ရှိ တက္ကသိုလ်ကြီး အတော် များများ က ပါမောက္ခရာထူးကိုပေးခဲ့သူ၊ အချိန်ဒြပ်ထုနှင့် အလင်းအလျဉ်တို့၏ ဆက်စပ်မှု ညီမျှခြင်း ကြောင့် နာမည် ကြီးလာသူ၊ အချို့ သတ္တုများ အပေါ် ဓာတ်ရောင် ခြည်ကျရောက်သည့်အခါ ထိုသတ္တုများ မှ အီလက်ထရွတ်များ ထွက်လာသည့်အကြောင်း တင်ပြခဲ့ရာမှ ရူပဗေဒဆိုင်ရာနိုဗယ်ဆုကို ရခဲ့သူလည်း ဖြစ် သည်။

``ဆရာကြီး အိုင်းစတိုင်းခင်ဗျား၊ အရာဝတ္ထုတွေ ရဲ့ ရွေ့လျားခြင်းနဲ့ရပ်တည်ခြင်းဆိုတာ နှိုင်းရဓမ္မ တရားတစ်ခုသာဆိုလျှင် လူတွေ ရဲ့ သေဆုံးခြင်းနဲ့ လူတွေ ရဲ့ ဘဝဟာရော ဘယ်အမျိုး အစားထဲမှာ ပါပါသလဲ ခင်ဗျား´´

အဘိုးကြီးတယောသံအဆုံးမှာ တော့ အဘိုးကြီးအနားမှာ ဝင်ထိုင်ရင်း အဘိုးကြီးကို ကျွန်တော် မေး ကြည့်လိုက်သည်။ အတန်ကြာအောင် တိတ်ဆိတ်ငြိမ်သက်နေပြီး အဘိုးကြီးထံမှ စကားတချို့ ထွက်ကျလာ သည်။

``လူ့ဘဝဟာ အော်ပရာကြီးတစ်ခုဆိုရင် သေခြင်းတရားဟာ အော်ပရာပြီးတာနဲ့ ကျလာတဲ့ ကန့်လန့်ကာကြီးတစ်ခုပေါ့ဗျာ။ နောက်ပြမယ့်အော်ပရာ ကတော့ ရှေ့ကပြပြီးသွားတဲ့ အော်ပရာနဲ့ ဘယ်လိုမှ တစ်ထေရာတည်း မတူနိုင်တော့ပါဘူး´´

စကားအဆုံးမှာ တော့ အဘိုးကြီးဟာလည်း သူ့တယောအိုလေးကို လက်မှာ ကိုင်ရင်း ကျွန်တော့ အနားမှ တရွေ့ရွေ့ထွက်ခွာ သွားပါသည်။

♥ ♥ ♥

(သုံး)

``အဲဒါ လီယိုတော် လ်စတွိုင်းပေါ့´´

သူ့ဇာတ်ကောင် အိုင်ဗင်အီလျစ်က ကျွန်တော့နားနားကိုကပ်ပြီး တိုးတိုးလေးဆို၏ ။ လီယိုတော် လ် စတွိုင်း ဟာ ခပ်နွမ်းနွမ်းဘူတာရုံလေးတစ်ခုမှာ ထိုင်ရင်း တစ်ခုခုကိုလုပ်ရန် ဆုံးဖြတ်ချက်ချထားပုံရပါသည်။

``အိုင်ဗင်ရဲ့ ဘဝနိဂုံးဝတ္ထုထဲမှာ ကျုပ်ကို နာတာရှည်လူမမာလိုလုပ်ပြီး သတ်ပစ်လိုက်တာ အဲဒီ အဘိုးကြီးလေ၊ အခုတော့ နောင်တရနေပုံပေါ်တယ်ဗျ´´

အိုင်ဗင်က ကျွန်တော့်ကိုတိုးတိုးလေး ထပ်ပြောပြန်၏ ။ အဘိုးကြီး တော်

လိစတွိုင်းကို အဝေးမှအကဲ ခတ်ကြည့်ရင်း သူ့ရဲ့ စစ်နှင့် ငြိမ်းချမ်းရေး ဝတ္ထုကြီးကို ကျွန်တော် သတိရနေမိပြန်၏ ။ ပြီးတော့ ရသေ့ကြီး သုံးယောက် ဝတ္ထု။ ပြီးတော့ ကရူဇာဆိုနာတာဝတ္ထု၊ ပြီးတော့ လူ တစ်ယောက် ဟာ မြေဘယ်လောက်ပိုင်ဆိုင် လဲဝတ္ထု။

ဒီလောက်ကျော်ကြားတဲ့စာတွေ ရေး လာပြီးကာမှ သူပိုင်တဲ့ ပစ္စည်းအားလုံး၊ သူပိုင်တဲ့စည်းစိမ်အား လုံးကို စွန့်ခွာပြီး မြို့ ရဲ့ ခပ်နွမ်းနွမ်းဘူတာရုံလေးမှာ ဒီအဘိုးကြီးက ဘာလာလုပ်နေတာပါလဲ။ သူ့မျက်လုံး တွေ ဟာ မီးရထားသံလမ်းတွေ ကို ကြည့်နေခဲ့ပေမယ့် သူ့အာရုံက သံလမ်းတွေ ကို မြင်ဟန်မတူခဲ့။ ကျွန်တော် ဟာ အဘိုးကြီးအနားကိုသွားဖို့ ကြံစည်ခဲ့ပြီးကာမှ မသွားတော့ဘဲ လှည့်ပြန်လာခဲ့သည်။ သူ့ဇာတ် ကောင်အိုင်ဗင် ကတော့.....၊

``အဘိုးကြီး ရူးသွားပြီဗျ´´ဟု ကျွန်တော့်ကို ကပ်၍ ပြောပါသည်။

ဘာပဲ ဖြစ် ဖြစ် နောက်တစ်နေ့မှာ ပဲ ထိုဘူတာရုံလေးနားမှာ အဘိုးကြီးတော် စတွိုင်း သေဆုံးသွားခဲ့ သည်။ စာပေမှာ အလွန်ဩဇာရှိခဲ့သည့် အဘိုးကြီးရဲ့ နောက်ဆုံးခရီးကိုကြည့်ပြီး ဘူတာရုံပိုင်ကြီးက . .၊

``ဘဝဆိုတာ ခဏကကောင်းကင်ပါပဲဗျာ´´ဟုဆိုခဲ့သည်။ သူပြောသလို ဘဝဆိုတာ ခဏက ကောင်းကင်ကြီးဆိုခဲ့လျှင် သံသရာဆိုတာ ခဏကပေါင်းများ စွာ ရဲ့ ဆက်ထုံးတစ်ခုပေါ့။

♥ ♥ ♥

## (လေး)

ဘေးတိုက်ရိုက်ကူးထားတဲ့ သူ့ရဲ့ ဓာတ်ပုံကိုမြင်စက ကျွန်တော့်မျက်စိဟာ မယုံနိုင်လောက်အောင်ကို အမြင်အာရုံမှာ းခဲ့ပါသည်။

ဓာတ်ပုံဟာ တိုက်ကြက်ဖတစ်ကောင်ရဲ့ မျက်နှာများ လား။ ဒါမှမဟုတ် မျိုးတုံးပျောက်ကွယ်သွားပြီ ဖြစ် တဲ့ ဒိုင်နိုဆောတစ်ကောင်ရဲ့ မျက်နှာကိုအနီးကပ်ရိုက်ပြချက်လား။

ဘာဘဲ ဖြစ် ဖြစ် ကျွန်တော့် အမြင် တစ်ခုမှမမှန်ပါ။ ပုံအောက်က စာကိုဖတ်ကြည့်မှ ဒီပုဂ္ဂိုလ်ဟာ ဆင်မြူရယ်ဘက်ကက် ဖြစ်နေခဲ့သည်။

ထိုနေ့ ကတော့ ဆင်မြူရယ်ဘက်ကက်နှင့် ကျွန်တော် တို့ဆုံ ဖြစ်ခဲ့ကြ၏ ။ သူ့ရဲ့ ထုံးစံအတိုင်း ဘက်ကက်က ``ဘဝဆိုတာ အမိဝမ်းမှာ သန္ဓေနေချိန်မှာ အစပြုပြီး ဒုက္ခ ဖြစ်ခဲ့တာဗျ။ ဒီထဲက စလိုက်တဲ့ ဒုက္ခဟာ နောက်ဆုံးသေတဲ့အထိကို ဒုက္ခတွေ မပြတ်တော့ပါဘူးဗျာ´´ဟု ကျွန်တော် ကိုပြောပါသည်။

သူ့ကို လူတွေ က မကွယ်လွန်မီကပင် သေဆုံးနေသူဟု ဆိုကြ၏ ။ ဘာကြောင့် မို့လို့လဲဆိုတော့ သူဟာ ဘဝရဲ့ ဖြစ်တည်မှု အားလုံးအပေါ် ဒုက္ခဟုမြင်ခဲ့သော ကြောင့် ဖြစ်သည်။ စိတ်ပျက်မှု ၊ ညည်းညူမှု ၊ အလိုမပြည့်မှု ၊ မကျေနပ်မှု များ နှင့်အတူ ဘဝရဲ့ ဖြစ်တည်မှု အပေါ် စိတ်ဓာတ်ကျနေခဲ့သော ဆရာကြီး ဘက်ကက်ဟာ ၁၉၆၉ခုနှစ် မှာ ပဲ ကမ္ဘာ့အမြင့်ဆုံး စာပေနိုဗယ်ဆုကို ရခဲ့ပြန်ပါသည်။

သူကဆေးလိပ်တစ်လိပ်ကို မီးညှိရှိုက်ဖွာရင်း သူ့မိန့်ခွန်းဟောင်းကြီး ဖြစ်သည့် ဘဝရဲ့ တန်ဖိုးမဲ့မှု ၊ အကျိုး မဲ့အချည်းအနှီး ဖြစ်မှု ၊ မက်မောတွယ်တာစရာမရှိမှု အစရှိသည့်အကြောင်းတွေ ကို ပေါက်ပေါက်ဖောက် သလိုဆက်ပြောနေသည်။ သူ့စကားတွေ ကို ကျွန်တော် နားမခံသာသည့်အဆုံး ..၊

``တော် ပါတော့ဗျာ၊ ခင်ဗျားရဲ့ ဇာတိပိဒုက္ခော၊ မရဏာပိဒုက္ခံဆိုတာကြီးကို ´´ဟုအော်ဟစ်ကာ သူ့ရှေ့မှ ကျွန်တော် ထွက်ပြေးလာခဲ့သည်။

ကျွန်တော် မြင်နေရတာ .....

ဂျင်ဂစ်ခန် ဖြစ်၏ ။

ကျွန်တော် မြင်နေရတာ ...

အိုင်းစတိုင်း ဖြစ်၏ ။

ကျွန်တော် မြင်နေရတာ ...

တော် စတွိုင်း ဖြစ်။

ကျွန်တော် မြင်နေရတာ ...

ဆင်မြူရယ်ဘက်ကက် ဖြစ်၏ ။

ကျွန်တော် မြင်နေရတာ ...

ကျွန်တော့် ကိုယ်ကျွန်တော် ဖြစ်၏ ။

ကျွန်တော် မြင်နေရတာ . . .

ဘာပဲ ဖြစ် ဖြစ် ထိုအရာအားလုံးဟာ ခဏိကကောင်းကင်သာ ဖြစ်သည်ဆိုသည့် အသိက . . .။

(မိသားစု၊ နိုဝင်ဘာ၊ ၂၀၁၃)

♥ ♥ ♥

# နောက်ဆုံးပြောချက်များ

## (တစ်)

ရုပ်ရှင်ကားတွေ ထဲမှာ ကျွန်တော် အမုန်းဆုံးအခန်းဟာ သေဆုံးခါနီး စကားတွေ အများ ကြီး ပြောသော အခန်းပဲ ဖြစ်ပါသည်။ လူ တစ်ယောက် ဟာ သေခါနီး မှာ ရုပ်ရှင်ကားတွေ ထဲကလို စကားတွေ အများ ကြီး ပြောသွားနိုင်ပါသလား။ သွေးကင်ဆာနှင့် သေဆုံးခဲ့သော ကျွန်တော့်သူငယ်ချင်း တစ်ယောက် ကတော့ မသေခင်မှာ သွေးပုလင်းတွေ ကော ဆေးပုလင်းတွေ ပါ ချိတ်ရင်းတန်းလန်းနှင့် သတိလစ်မေ့မျောကာ နောက်ဆုံးအသက်ပါ ထွက်သွားခဲ့သည်။ ဆီးချိုရောဂါ နှင့်သေဆုံးသွားသော အိမ်ဘေးနားက မိန်းမတစ် ယောက် ဆိုလျှင် ဆယ်ရက်တိုင်တိုင် သတိလစ်နေရာက အသက်ရှုရပ်သွားသည့်တိုင်အောင် စကားတစ်ခွန်း မှ ပြောခွင့်မရခဲ့ပါ။ လူ တစ်ယောက် ဟာ သေဆုံးခါနီး အချိန်မှာ စကားတွေ အများ ကြီး ပြောသွားနိုင်ပါသလား။

ဘာပဲ ဖြစ် ဖြစ် အမေရိကန်သမ္မတသီယိုဒိုရုစဘဲ့ ကတော့ သေဆုံးခါနီး ကုတင်ပေါ်လဲလျောင်းနေခိုက် မှာ ``ကျေးဇူးပြုပြီး မီးရောင် တွေ ကို ပိတ်ပြစ်လိုက်ပါ´´ဟု ပြောသွားခဲ့သူ ဖြစ်သည်။

သေဆုံးခါနီး မှာ သတိကောင်းစွာ ရနေမည် ဆိုလျှင်တော့ ကျွန်တော့်မှာ လည်း ပြောစရာစကားတွေ အနည်းငယ်တော့ရှိနေနိုင်ပေမည် ။ ထိုစကားတွေ ထဲမှာ ``လူဆိုတာ နောက်ဆုံးတော့လည်း ဒီလမ်းကို ရောက်ရတာ ပဲ´´ဆိုသည့်စကားကိုတော့ ကျွန်တော် မပြောချင်ဆုံး ဖြစ်သည်။ ဒါမှမဟုတ်လည်း ``မိန်းမရေ ငါဟာ မင်းဘဝကို ပြည့်စုံအောင်မထားနိုင်ခဲ့ဘူး၊ ငါနဲ့ပေါင်းလာတဲ့ကာလတစ်လျှောက်လုံး အခုလို ဆင်းဆင်း ရဲရဲနေခဲ့ရတဲ့အတွက် ငါ့ကိုခွင့်လွှတ်ပါကွာ´´ဆိုသည့်စကားမျိုး ။ ဒါမှမဟုတ်လည်း ``အမေရေ အမေမျှော် လင့်သလို ကျွန်တော် ဟာ ချမ်းသာတဲ့ကောင် ဖြစ်မလာခဲ့ဘူး´´ဆိုသည့်စကားမျိုး တွေ ကို သေခါနီး မှာ ကျွန်တော် မပြောချင်ဆုံး ဖြစ်သည်။

ဒါမှမဟုတ်လည်း ``အဖေဟာ သားသမီးတွေ အပေါ် တာဝန်မကျေခဲ့ဘူး၊ ကားလေးတစ်စီး၊ ဟန်းဖုန်းလေးတစ်လုံးနဲ့ ကုမ္ပဏီလေးတစ်ခုတောင် မချန်သွားနိုင်ခဲ့ဘူး ´´ဆိုသည့် စကားမျိုး ကို ပြောခဲ့မိမှာ လား စဉ်းစားကြည့်မိပြန်၏ ။ ဘာပဲ ဖြစ် ဖြစ် သေခါနီး မှာ ထိုစကားတွေ ပြောရတာ ကတော့ အတော့် ကို ဝမ်းနည်းဖို့ကောင်းတာပါ။ ဒီစကားတွေ ဟာ လူ့ဘဝကြီးကို လက်မြှောက်အရှုံးပေးရင်း ထွက်ခွာ သွားပါပြီလို့ ကြေငြာရာလည်းကျပါသည်။ လောကမှာ ရိုးသားရုံနှင့် မပြီးဘဲ ကြိုးစားဖို့ပါလိုသေးကြောင်း သားသမီးတွေ ကို ပြောချင်ပေမယ့် ထိုစကားဟာ လက်တွေ့နှင့် အံ့ဝင်ခွင်ကျမ ဖြစ်မှာ ကိုတော့ ကျွန်တော် အစိုးရိမ်ဆုံး ဖြစ်သည်။ ဒါဆိုရင်သေခါနီး မှာ ဘယ်လိုစကားကို ပြောခဲ့သင့်ပါသလဲ။

အခန်းပေါင်း (42)ခန်းပါသော အိမ်ကြီးမှာ မွေးဖွားခဲ့ပြီး ချမ်းသာမှု ၊ အောင်မြင်ကျော်ကြားမှု များ နှင့် နေလာခဲ့ရာမှာ စည်းစိမ်အားလုံးကို စွန့်လွှတ်ကာ နောက်ဆုံးဘဝကို ဆင်းဆင်းရဲရဲနှင့် အဆုံးသတ်ခဲ့ရသူ ကမ္ဘာကျော်စာရေး ဆရာကြီး လီယိုတော် လ်စတွိုင်း ကတော့ သူသေခါနီး မှာ ``ဘုရားသခင်ဟာ အရာခပ် သိမ်းကို စီမံတော် မူပါလိမ့်မယ်´´ဟုပြောသွားခဲ့ပါသည်။

♥ ♥ ♥

## (နှစ် )

လူတွေ ဟာသေဆုံးခါနီး မှာ ထိုကဲ့သို့ စကားမျိုး တွေ ကို ပြောနိုင်ခဲ့ပါသလား။ ဒါမှမဟုတ် ထိုကဲ့သို့ စကားတွေ ကပဲ သေဆုံးခါနီး အချိန်မှာ လူ တစ်ယောက် အတွက် နောက်ဆုံးပိတ်ရသည့် အခွင့်အရေး တစ်ရပ် ပေပဲလား။

တစ်ချို့ ကတော့ ထိုသို့ မဟုတ်ဘဲ မသေမီအချိန်စောစောကပင် သူသေခဲ့လျှင် ဘာ ဖြစ်ချင်သည်ကို သေတမ်းစာအ ဖြစ် ရေး ခဲ့ကြပြန်သည်။ တချို့ မိန်းမနှင့် သားသမီးတွေ

များ သူများ ကျတော့လည်း သူသေခဲ့ လျှင် ဘယ်မိန်းမကို ကားပေး၊ ဘယ်သားသမီးကိုစိန်ပေး၊ ဘယ်သားသမီးကို ကုမ္ပဏီပေးစသည်ဖြင့် သေတမ်းစာ ကြိုတင်ရေး ပြီး ရှေ့နေတွေ နှင့် အဆင်သင့်လုပ်ထားကြပြန်၏ ။

ဒါကလည်း အတော် ချမ်းသာသော လူတွေ အတွက်သာ ဖြစ်ပြီး မိန်းမတွေ ၊ သားသမီးတွေ ကများ ပိုက်ဆံလည်း ချူး တစ်ပြားမှမရှိသူတွေ ကတော့ ထိုသို့ မလုပ်နိုင်ကြပါ။ ထိုသို့ မလုပ်နိုင်ကြသည့်အပြင် ထိုမသာတွေ ဟာ သေခါမှ အဆဲခံရ၊ အပြောခံရသည့် မသာတွေ လည်း ဖြစ်နိုင်ပေမည် ။

``လူကသာ အသုံးမကျတာ မိန်းမတွေ က အများ သားဗျ။ ခုတော့ နောက်ဆုံးယူထားတဲ့ ကောင်မလေးအိမ်မှာ သေသွားပြီတဲ့လေ။ နေရတဲ့အိမ်ကလည်း ကင်းတဲသာသာပါဗျာ။ ကောင်မလေးက လည်း ဆက်ရက်တောင်ပံကျိုး ဗျ´´စသည့်စကားတွေ က ထိုမသာရဲ့ နောက်ဆုံးအချိန်မှာ အပြင်းစားရိုက် ချက်တွေ အ ဖြစ် ကြားဖြတ်ကြော်ငြာ ဝင်ကြပေဦးမည် ။

ဘာပဲ ဖြစ် ဖြစ် တချို့ လူတွေ ဟာ မသေဆုံးခင်မှာ အကောင်းဆုံးစကားတွေ ချန်သွားတာတော့ အမှန် ပဲ ဖြစ်၏ ။ အမတ်ကြီး ဦးပေါ်ဦး ကတော့ သူသေသည့်အခါ လူ့လက်တစ်ဖက်ကို အခေါင်းအပြင်မှာ ထုတ်ထားပါဟု မှာ ခဲ့သူ ဖြစ်၏ ။ အခေါင်းအပြင်ဘက်ကို ထွက်နေသည့် သူ့လက်ကိုကြည့်ပြီး လူတွေ ဟာ သေဆုံးသည့်အခါ ဘာတစ်ခုမျှ ယူမသွားနိုင်ဘူးဟု ကျန်ရစ်သူတွေ သံဝေဂယူဖို့ပဲ ဖြစ်သည်။

♥ ♥ ♥

## (သုံး)

ခုခေတ်မှာ ဒါမျိုး လုပ်လို့ ကတော့ ``ဒီမသာဟာ တော် တော် စတန့်ထွင်တယ်

´´ဟု ပြောချင်ပြောကြ ဦးမှာ ဖြစ်၏ ။

တကယ်တော့လည်း လူ့ဘဝဆိုတာ အတော့်ကိုတိုတောင်းသော ကာလတစ်ခုသာ ဖြစ်၏ ။ ဒါကြောင့် မို့လည်း ပညာရှိတွေ က လူ့ဘဝကို ရေပွက်ပမာ ခဏတာဟု တင်စားခဲ့ကြခြင်း ဖြစ်မည် ထင်သည်။

အောင်မြင်မှု တွေ ရနေချိန် ဥစ္စာစီးပွားတွေ တက်နေချိန်မှာ မိုးမမြင် လေမမြင် အပျော်ကြီး ပျော်ခဲ့ကြ ပေမယ့် ကျဆုံးချိန် ပျက်ဆီးချိန်ရောက်သည့်အခါ လူ့ဘဝကြီးဟာ အုံ့ဆိုင်းနေတဲ့ မိုးကာလနေ့ရက်တွေ လို ဝမ်းနည်းစရာကြီး ဖြစ်လာတော့သည်။

ပညာရှိတွေ ဟာ ထိုအချိန်တွေ ကို ကြံ့ကြံ့ခံနိုင်ပေမယ့် ပညာမဲ့သူတွေ ကတော့ ထိုအချိန်ကို ကြံ့ကြံ့ မခံနိုင်တော့ပါ။ လူ့ဘဝဆိုတာကပဲ လောကဓံရှစ်ပါးနှင့် နယ်ဖတ်ထားတဲ့ ခပ်ညံ့ညံ့ထမင်းတစ်ပွဲသာ ဖြစ်၏ ။ တစ်ပြိုင်နက်မှာ အကောင်းအရသာရော အဆိုးအရသာပါ ခံစားနိုင်သော ထိုထမင်းပွဲကို ကျွန်တော် ကော ခင်ဗျားပါ မြိန်ရေယှက်ရေ စားသုံးနေခဲ့ကြတာ မဟုတ်လား။

ဘာပဲ ဖြစ် ဖြစ် လူတွေ ဟာ သေခါနီး လို့ သတိကောင်းစွာ ရနေချိန်မှာ သေခြင်းတရားအပေါ် မတုန် မလှုပ်ဘဲ ပြောစရာရှိတာတွေ ကို ပြောသွားဖို့တော့ လိုအပ်နိုင်၏ ။ ဒါပေမယ့်လည်း ရုပ်ရှင်ကားတွေ ထဲ ကလို အရှည်ကြီး ဖြစ်ဖို့တော့ လိုမည် မထင်ပါ။

ငယ်ငင်ဗန်ထရှိုင်းဟာ သူ့ကိုသတ်ခါနီး မှာ ``အမေရိကန်နယ်ချဲ့များ ကျဆုံးပါစေ။ နယ်ချဲ့တွေ ဗီယက်နမ်က ထွက်သွား။ ငယ်ခန်းကျဆုံးပါစေ။ မြောက်ဗီယက်နမ်သမ္မတဟိုချီမင်း သက်တော် ရာကျော် ရှည်ပါစေ´´ဟု ပြောသွားခဲ့သူ ဖြစ်၏ ။

စပိန်နယ်ချဲ့တို့၏ လက်ချက်ဖြင့် သေဆုံးခဲ့သူ ဖိလစ်ပိုင်လူမျိုး တို့၏ အမျိုးသားအာဇာနည် ဟိုဆေးရီဇာ ကတော့ သူ့ကိုသတ်မည့် အချိန်လေးမှာ သေနတ်သမားတွေ နှင့် မျက်နှာချင်းဆိုင်ထားပေးဖို့ တောင်းဆိုခဲ့သည်။ သို့သော် နယ်ချဲ့တွေ က

သူ့တောင်းဆိုချက်ကို ခွင့်မပြုပဲ သူ့ကိုနောက်ကျော်ဆီမှ သေနတ်ဖြင့် ပစ်ခတ်အဆုံးစီရင်ခဲ့ပါသည်။

ဆရာတော် ဦးဝိစာရကလည်း နယ်ချဲ့အင်္ဂလိပ်တို့ကို အစာငတ်ခံဆန္ဒပြရင်း ပုံ့လွန်တော် မူခါနီး မှာ မြန်မာပြည်သူလူထုကို ``လိမ်လိမ်မာမာနေရစ်ကြ´´ဟု မှာ သွားခဲ့သည်။ (မြန်မာတွေ ကတော့ ယခုထိတိုင် မိုက်လို့ကောင်းတုန်း ဖြစ်ပါသည်။)

ငယ်စဥ်အခါက တစ်နာရီဆယ်ပြားနှုန်းနှင့် နေပူပူမှာ အာလူးတူးခဲ့ရသူ၊ ငယ်ချစ်ဦးက လက်ထပ်ဖို့ရာ ငြင်းဆန်ခြင်းခံခဲ့ရသူ၊ ကြီးလာလို့ သူဌေး ဖြစ်လာသည့်အခါ ပေါင်သန်း ၁၅၀ ပေးလှူနိုင်ခဲ့သူ အမေရိကန် သူဌေးကြီး ရော့ဖဲလား ကတော့ သူ့အသက်တစ်ရာပြည့်အောင် နေရတဲ့ တစ်နေ့မှာ ဘင်တီးဝိုင်းအဖွဲ့ကို ဦးဆောင်ပြီး ``မင်းနဲ့ငါ ငယ်ငယ်တုန်းကပေါ့ ပက်ဂီရာ´´ဆိုသည့်သီချင်းကို တီးမှု တ်သီဆိုမည် ဆိုခဲ့ပေမယ့် သူ့အသက်တစ်ရာ ပြည့်သည်အထိ နေမသွားရရှာပါ။

♥ ♥ ♥

## (လေး)

လူဆိုတာ ပုတုဇဥ်တွေ သာ များ တာမို့ လူ့ဘဝသက်တမ်းတိုတိုလေးထဲ၊ အမှာ းနှင့် အမှန်ကို လုပ်ကြ ရာ အမှာ းကိုသာများ စွာ လုပ်ခဲ့ကြပြန်၏ ။ (ဒါဟာ ကျွန်တော် တစ်ယောက် တည်းအတွက်လည်း ဖြစ်ချင် ဖြစ် နိုင်ပါသည်။)

တချို့ ကျတော့လည်း တရားအလုပ်တွေ လုပ်နေကြသည့်တိုင် သူ့တရားမှကောင်းသည်။ ငါ့တရားမှ ကောင်းသည်ဟု ငြင်း ဖြစ်အောင် ငြင်းနေကြသူတွေ ရှိနေခဲ့၏ ။ ထိုလူတွေ သေသည့်အခါ နာရေး ကြော်ငြာမှာ ဘုရားဒါယကာ၊ ကျောင်းဒါယကာ၊ ရဟာန်းဒါယကာ၊ ဘယ်ရိပ်သာရဲ့ ထာဝရယောဂီစသည်ဖြင့် ဖော်ပြကြပေ မယ့်

ဘာမကောင်းမှု တွေ လုပ်ခဲ့ဖူးသည်ကိုတော့ ဘယ်သူမှဖော်ပြမည် မထင်ပါ။

ကျွန်တော် သေဆုံးသည့်အခါ မကောင်းတာ လုပ်ခဲ့တာတွေ ကို မဖော်ပြချင်နေ။ ထိုကဲ့သို့ ကောင်းတာ လုပ်ခဲ့တာတွေ ကိုလည်း မဖော်ပြဖို့ ကျွန်တော် ပြောခဲ့ရပေမည် ။ ဘာကြောင့် လည်းဆိုတော့ ထိုအရာတွေ ဟာ ကျွန်တော့် အတွက် ဘာမျှအသုံးမဝင်တော့သလို သူများ အတွက်ပါ မျက်စိနောက်စရာ ဖြစ်နိုင်သော ကြောင့် ဖြစ်သည်။

လူတွေ သေခါနီး မှာ ထိုကဲ့သို့ စကားတွေ ပြောနိုင်လောက်အောင် သတိတွေ ကောင်းစွာ ရှိနေနိုင်ပါ သလား။ ဘာပဲ ဖြစ် ဖြစ် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ခဲ့သူ ဘုရားရှင်ကိုယ်တော် မြတ် ကတော့ ပရိနိဗ္ဗာန်စံခါနီး မှာ သူ့ရဲ့ သားတော် ရဟန်းတော် တွေ ကိုခေါ်ယူပြီး နောက်ဆုံးစကားတစ်ခွန်းကို မှာ ကြားခဲ့ဖူး သည်။ ထိုစကားဟာ လောကသုံးပါးမှာ အဖိုးတန်ဆုံးစကား ဖြစ်ပြီး ``ဝယဓမ္မာသင်္ခါရ၊ အပမ္မာဒေန၊ သမ္မာဒေထ ´´ဟူ၍ ဖြစ်သည်။ အဓိပ္ပါယ်ကလည်း ``ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့သည် ဖြစ်ခြင်းပျက်ခြင်း သဘောရှိကြကုန်သည်။ ထိုရုပ်နာမ်တို့၏ ဖြစ်ခြင်းပျက်ခြင်းသဘောကို နေ့ရောညပါ အခါမလပ်သတိကပ်၍ ရှုမှတ်ပွားများ နေကြကုန်လော့´´ဟူ၍ ဖြစ်ပေသည်။

(စရဏ၊ ဖေဖော်ဝါရီ၊ ၂၀၀၆)

♥ ♥ ♥

# နှစ် ဆယ့်တစ်ရာစုသို့ ဝင်ရောက်ခြင်း

## (တစ်)

ထိုနေ့က ရွာချလိုက်သော မိုးမှာ နှစ် ဆယ်ရာစု၏ နောက်ဆုံးမိုးပဲ ဖြစ်၏ ။ ကောင်းကင်ဟာ မီးခိုးလုံးကြီး ဖုံးအုပ်ထားသလို မည်း ညစ်မှော င်ကျသွားပြီး ပင်လယ်တစ်ခုပြို ကျလာသလို ရေတွေ ကို ဝေါကနဲအံချလိုက် သည်။

ဒါဟာမိုးရွာတာမှ ဟုတ်ရဲ့ လား ကမ္ဘာပျက်တာများ လား

ကျွန်တော့် ရှေ့မှာ လျှောက်နေသည့် လူ တစ်ယောက် ကနောက်လှည့်ပြီး လှမ်းပြောလိုက်သည်။

``မိုးပြိုအများ ပေါ့ဗျာ၊ ခင်ဗျားကြောက်နေလို့လား´´

ကျွန်တော် က ထိုလူကို လှမ်းပြောလိုက်မိသည်ထင်သည်။ ဒါမှမဟုတ် ပါးစပ်ကမပြောပဲ စိတ်ထဲကသာ ပြောတာလည်း ဖြစ်ချင် ဖြစ်နိုင်ပါသည်။ သိပ်တော့မသေချာပါဘူး။ သေချာတာက ထိုလူ့ကို စကားလှမ်း ပြောဖို့ ကျွန်တော့် မှာ အချိန်မရတာ ပဲ ဖြစ်၏ ။ သူကောကျွန်တော် ပါ နှစ် ဆယ့်တစ်ရာစု တံခါးပေါက်ဆီသို့ ခရီးနှင်နေရသူတွေ မဟုတ်လား။

ကျွန်တော် တို့ရှေ့မှာ တော့ နှစ် ဆယ့်တစ်ရာစု တံခါးပေါက်ဆီကို အလျင်စလိုသွားနေသူတွေ ရှိနေ သည်။ တချို့ က မာစီဒီးကားတွေ နဲ့၊ တချို့ က ပါဂျဲရိုးတွေ နဲ့၊ တချို့ က ပရာဒိုတွေ နဲ့၊ ဝီကနဲ ဝီကနဲ သူတို့ကား တွေ ဖြတ်ကျော်သွားတိုင်း လမ်းမကြီးပေါ်က မိုးရေစက်တွေ ဟာ ကျွန်တော် တို့ကိုယ်ပေါ်ကို လာရောက် ပေကျံနေလိုက်တာ။

``လူတွေ များ မိုက်ရိုင်းလိုက်တာ´´

ကျွန်တော့် ဘေးကလူက မကျေနပ်သလို လှမ်းပြောနေ၏ ။

``ခင်ဗျားကားစီးနိုင်တဲ့တစ်နေ့မှာ အဲဒီ လိုမလုပ်ဖို့ သတိရပေါ့´´

ကျွန်တော့် စိတ်ထဲက ထိုလူကိုပြော ဖြစ်သွားပြန်သည်။ ဒါပေမယ့် ကျွန်တော် စိတ်ဟာ နှစ် ဆယ့်တစ် ရာစုဆီသို့ သာ အလျင်စလိုရောက်နေ၏ ။ နှစ် ဆယ့်တစ်ရာစုမှာ ကျွန်တော် တို့ဘာတွေ တွေ့နိုင်မှာ ပါလဲ။ မသေဆေးကို ရှာဖွေတွေ့ရှိနိုင်မှာ လား။ ပျော်ရွှင်ဖွယ်လူနေမှု စနစ်တစ်ခုလား။ အေအိုင်ဒီ အက်စ် ဒါမှမဟုတ် ကင်ဆာအတွက် လုံးဝစိတ်ချရတဲ့ အာမခံချက်တစ်ခုလား။ ဒါမှမဟုတ် လူတွေ မဖျက်ဆီး ရသေးသည့် ဂြို လ်သစ်တစ်ခုလား။

``နှစ် ဆယ်ရာစုကနေ ဟိုဘက်ကိုကူးရင် တစ်ခုခုပါမှရမှာ တဲ့´´

ကျွန်တော့် ကိုအမှီလိုက်လာသော လူ တစ်ယောက် က ကျွန်တော့် ကို ကပ်ပြီးပြောနေပြန်သည်။ ဒါဆို ရင်တော့ ကျွန်တော့် မှာ ဘာတစ်ခုမှ ပါမှာ မဟုတ်ပါ။ ဒါပေမယ့်လည်း နှစ် ဆယ့်တစ်ရာစုကို ရောက်ဖို့ကိစ္စဟာ ရှေ့ကိုဆက်လျှောက်ရုံကလွဲပြီး.....။

♥ ♥ ♥

## (နှစ် )

နှစ် ဆယ်ရာစုနှင့် နှစ် ဆယ်တစ်ရာစု ကူးဖြတ်ရာ မျဉ်းကိုရောက်တော့ လူအုပ်ကြီးဟာ နည်းနည်း နော နော မဟုတ်။ ရှေ့ကိုလှမ်းကြည့်လိုက်သော အခါ ကျွန်တော် သိသော လူတွေ ကို လှမ်းတွေ့လိုက်ရသည်။

ဟိုမှာ ကိုမြေကြီး (ပန်းတောင်း)ဟိုမှာ ဆရာဇော်နှောင် ဟိုမှာ ကိုမင်းခိုင်ဦး။ ဟိုမှာ မင်းခိုက်စိုးစန်။ ဟိုမှာ ကိုမိုးကြယ်။ ဟိုမှာ ကိုမိုးကြယ်။ ဟိုမှာ မောင်ပြည့်လှိုင်း (သံတွဲ )။ ဟိုမှာ ကိုမိုးကြယ်။ ဟိုမှာ မောင်ပြည့်လှိုင်း (သံတွဲ )။ ဟိုမှာ အောင်ဟိဏ်း (ကျိုက်ထော်)။ ဟိုမှာ .... ဟာကိုယ့်လူတွေ မနည်းပါလား။

ဒီလိုလူတွေ နဲ့ တွေ့မှတော့ ကျွန်တော့်မှာ ဘာမှမရှိလည်း ပူစရာမလိုတော့ပါ။ ဒီလူတွေ ဆီမှာ လည်း ကျွန်တော့် လိုပဲ ဘာမှမပါမှာ သေချာပါသည်။ ကံကောင်းချင်တော့ ကျွန်တော် တို့ရောက်လာချိန်မှာ ပဲ စောစောကရွာချနေသော မိုးဟာ ချက်ချင်း ကြီးတိတ်သွားပြီး ကောင်းကင်မှာ နေတွေ ဘာတွေ ထွက်လာခဲ့ သည်။

``သိပ်မတိုးကြပါနဲ့၊ အားလုံးနစ် ဆယ့်တစ်ရာစုကို ဝင်ရမှာ ပါ။ ဂိတ်တွေ အများ အကြီးပါ။ ဖြည်းဖြည်း ချင်းဝင်ကြပါ´´

နစ် ဆယ်ရာစုဂိတ်တံခါးကို စောင့်သူတွေ က လက်ကိုင်စကားပြောစက်တွေ နှင့် လှမ်းအော်နေသည်။ ကားပါသူတွေ က ကားလမ်းကနေ အလျှိုလျှိုဝင်သွားကြပေမယ့် ကျွန်တော် တို့ကို လမ်းလျှောက်လာသူတွေ က ဖြည်းဖြည်းချင်း လျှောက်၍ ဝင်နေရသည်။

``ဂိတ်ဝမှာ စစ်နေတယ်ဗျ´´

ကျွန်တော့် ဘေးမှ လူကပြောလိုက်သဖြင့် ဂိတ်ဝကို ကျွန်တော် လှမ်းကြည့်လိုက်သည်။ ဂိတ်ဝမှာ ကိုမြေကြီး (ပန်းတောင်း)ကို ဂိတ်စောင့်တွေ က မေးမြန်းစစ်ဆေးနေကြသည်။

``ခင်ဗျားမှာ ဘာပါလဲ´´

``ဗျာ´´

``နစ် ဆယ့်တစ်ရာစုကို သွားဖို့ခင်ဗျားမှာ ဘာပါပဲလို့ မေးတာ´´

``ကျုပ်မှာ ရောက်တတ် ရာရာဘာညာကွိကွ ပါတယ်´´

ကိုမြေကြီးက သူ့လွယ်အိတ်ထဲမှ ရွတ်ပွနေသည့် စာမူတွေ ကို ထုတ်ပြနေ၏ ။ ဂိတ်စောင့်တွေ က သူလုပ်နေပုံကို စိတ်ပျက်သလို ကြည့်ရင်း။ ``ခင်ဗျား ..... ဟိုဖက်မှာ ခဏထိုင်ဦးဗျာ နောက် တစ်ယောက် ´´

ဆရာဇော်နောင်နှင့် ကိုမင်းခိုင်ဦးတို့ နစ် ယောက် ပြုံး ဝင်လာကြ၏ ။

`` တစ်ယောက် စီဝင်ပါဆိုဗျာ၊ ကဲကဲခင်ဗျားတို့ကော ဘာပါသလဲ´´

ဆရာဇော်နောင်က သူ့ဆေးပြင်းလိပ်ကို မီးခိုးခေါင်းတိုင်လို ရှိုက်ဖွာနေပြီး ကိုမင်းခိုင်ဦးက သူရဲ့ ကတ်စ်စရိုမှတ်ဆိတ်တွေ ကို လက်နှင့် ပွတ်သပ်နေ၏ ။ အဲ့ဒီနောက်မှာတော့ ဆေးပြင်းလိပ်နှင့် မုတ်ဆိတ်မွေး တွေ ထဲကနေ ကဗျာတွေ ထွက်ကျလာ၏ ။

``အဲဒါဘာတွေ လဲ´´

``ကဗျာလေဗျာ၊ ကဗျာ´´

သူတို့နှစ် ယောက် စလုံးက ကိုယ့်ကိုယ်ကို ဂုဏ်ယူဝင့်ကြွားသည့်ဟန်နှင့် ပြောလိုက်ခြင်း ဖြစ်သည်။

``ဘာတွေ မှန်းလဲမသိဘူး၊ ကဲဟိုလူနဲ့ ခဏသွားထိုင်လိုက်ဦး နောက်ထပ် တစ်ယောက် ´´

အရပ်ကပြတ်ပြတ်၊ လူကောင်းကညပ်ညပ်။ သူ့ကိုယ်သူ စာပေလောကကြီးတစ်ခုလုံးနှင့် ကံထရိုက် ဆွဲထားသည့်ပုံစံမျိုး လူ တစ်ယောက် ထွက်လာ၏ ။ သည်လူက ကိုအောင်ဟိတ်ဟား (ကျိုက်ထော်)။

``ခင်ဗျားကော ဘာပါလဲ´´

``ဘာပါတယ်၊ မပါတယ်မေးမနေနဲ့လေ ခင်ဗျားတို့အားလုံး ဂျာနယ်နဲ့မဂ္ဂဇင်းထဲပါအောင် ထည့်ရေး ပြစ်လိုက်မယ်´´

ကိုအောင်ဟိတ်ဟားစကားကြောင့် ဂိတ်စောင့်တွေ ဘာလုပ်ရမှန်းမသိ ဖြစ်သွားကြ၏ ။ ပြီးမှ တစ်ယောက် နှင့် တစ်ယောက် မျက်စပစ်ရင်း။

``သူ့ကို သွားခိုင်လိုက်´´

ကိုအောင်ဟိတ်ဟားက ကိုမင်းခိုင်ဦး၊ ဆရာဇော်နောင်နှင့် ကိုမြေကြီးတို့ဘက်ကို ဘယ့်နှစ် ရှိစဆိုသည့် အကြည့်နှင့်ကြည့်ပြီး နှစ် ဆယ်ရာစုဂိတ်ကနေ နှစ် ဆယ့်တစ်ရာစုဆီသို့ ဝင်သွားခဲ့သည်။

``နောက် တစ်ယောက် ´´

``မင်းခိုက်စိုးစန်ပါ´´

``ခင်ဗျားနာမည် မပြောပါနဲ့ ခင်ဗျားမှာ ဘာပါသလဲပြောပါ´´

မင်းခိုက်စိုးစန်က သူ့မျက်မှန်ကိုချွတ်ပြီး စားပွဲပေါ်ကိုခေါက်ချလိုက်သည့်အခါ မော်ဒန်ဝတ္ထုတွေ တစ်ထပ်ကြီးထွက်ကျလာသည်။

``အဲဒါဘာတွေ လဲ´´

``ဒါ မော်ဒန်ဝတ္ထုဗျ၊ မောဒန်ဝတ္ထုဆိုတာ ခင်ဗျားတို့နားမလည်နိုင်လောက်အောင် ရှုတ်တဲ့ဝတ္ထုမဟုတ်ပါဘူး´´

``ကဲ ခင်ဗျားလည်း ဟိုလူတွေ နဲ့ ခဏသွားနေပါဦးဗျာ၊ နောက်ထပ်လွှတ်လိုက်ဟေ့´´

အလို ကိုမိုးကြယ်နဲ့ ဆရာတောင်ပြည့်လှိုင်းတို့ပါလား။ သူတို့ကိုကြည့်ပြီး ကျွန်တော် စိုးရိမ်စိတ်တွေ ဝင်လာ၏ ။ သူတို့လည်း ကိုမြေကြီးတို့ ဆရာဇော်နောင်တို့ မင်းခိုက်စိုးစန်တို့ထဲ ရောက်သွားမှာ ပဲဟု တွေ းနေဆဲ။

``ဒီမှာ ဒါက ကဗျာဆရာမောင်ပြည့်လှိုင်း (သံတွဲ )၊ ကဗျာဆုတွေ ကိုးဆုဆယ်ဆု တောင်ရထားတာ။ ကျုပ်က နန္ဒာမိုးကြယ်၊ ကဗျာဆုဆိုလို့ တစ်ခုမှ မရဖူးဘူး။ နောက်ဘာသိချင်လဲ´´

ကိုမိုးကြယ်က မူးနေပုံရ၏ ။ သူ့လက်ထဲက မြန်မာဝီစကီပုလင်းကို စားပွဲပေါ်သို့ ဆောင့်ချရင်း ဂိတ်စောင့်တွေ ကို ဘုတောနေ၏ ။ ညဖက်ဒလကနေ ပိတ်ဆွယ်ရွာကိုအပြန် ကားသမားတွေ ကိုရစ်သည့် အကျင့်က သူဆီမှာ ပါလာပုံရသည်။

``ကျုပ်မှာ အဆုတ် ရောဂါ ကော၊ နှလုံး ရောဂါ ပါရှိတယ် ကျုပ်မှာ ပါတာတော့ အဲ့ဒါပဲ၊ ခင်ဗျားတို့လိုချင် ရင် ယူထားလိုက်......အေ့´´

ဂိတ်စောင့်တွေ က နားခေါင်းကိုလက်နှင့် အုပ်ရင်း.......။

``ကဲကဲ မြန်မြန်ကြွကြွပါဗျာ၊ ဘယ်လိုလူတွေ လဲမသိဘူး။ နှစ်

ဆယ့်တစ်ရာစုအထိကို မူးပြီးလာလိုက် တာ´´ ဟုပြောကာ သူတို့နှစ် ယောက် ကို ဝင်ခွင့်ပေးလိုက် သည်။

ကိုမိုးကြယ်နှင့် ဆရာမောင်ပြည့်လှိုင်းဝင်သွားအပြီးမှာ တော့၊ ဆရာသျှားထက်နိုင် (ဘူမိဗေဒ)တို့ ဆရာမ မေဦးတို့၊ ယဲဝင့်ဟန်တို့၊ ပန်းချီကိုဆန်းနှင့် ဘီညိမ်းတို့ တစ်ယောက် ပြီး တစ်ယောက် ဝင်သွားကြ၏ ။ သူတို့ဝင်ဖို့အတွက် ဆရာသျှားက ရှားပါးစာမူတစ်အုပ်ကို ဂိတ်စောင့်တွေ ဆီလာဘ်ထိုးခဲ့သည်ဟုဆို၏ ။ (ထို စာမူဟာလေဒီချာတလီ စာအုပ်ထက် ကောင်းသည်ဟု တစ်ခါက သူပြောဖူးပေမဲ့ ကျွန်တော် မမြင်ဖူးခဲ့) ကိုမြေကြီးတို့ ဆရာဇော်နောင်တို့ ကိုမင်းခိုင်ဦးတို့ ကတော့ အချင်းချင်းတွေ မယှိုင်းပင်းရကောင်းလားဆို သည့် အကြည့်နှင့် ကြည်ရင်း မကျေမနပ်ကျိန်ရစ်ခဲ့ကြသည်။

သူတို့ပြီးတော့ ကိုအောင်ထိပ်အလှည့်ရောက်လာခဲ့၏ ။ ကိုအောင်ထိပ်က သူပဲခူးကလာရကြောင်း သူဆရာဝန် ဖြစ်ပေမယ့် ဇာတ်ထဲကို သုံးလေးနှစ် လိုက်ဖူးကြောင်း၊ ဇာတ်ကချင်လျှင် ဇာတ်ညွှန်းရေး ပေးနိုင် ကြောင်း ဂိတ်စောင့်တွေ ကို စည်းရုံးနေသည်။ ပြီးတော့မှ မိုးအေးလို့ နှာခေါင်းပိတ်နေသည့် ဂိတ်စောင့်တွေ ကို စီဗစ်၊ ဘာမီတွန် နှင့် ဒီကိုဂျင်တွေ ပေးပြီး နှစ် ဆယ့်တစ်ရာစုသို့ ဝင်သွားခဲ့သည်။

ကိုအောင်ထိပ်ပြီးတော့ ဆရာမ ခင်ပန်နှင်း ဝင်လာ၏ ။ ဆရာမ ကလည်း သူမရဲ့ အအောင်မြင်ဆုံး အရောင်းရဆုံး ``သို့ ချစ်သူ´´ စာအုပ်တွေ ကို ဂိတ်စောင့်တွေ ဆီဝေရင်းနှစ် ဆယ့်တစ်ရာစုသို့ ဝင်သွားပြန် သည်။ (ထိုစာအုပ်တွေ ဟာ ထုတ်ဝေသူ လှိုင်မြစ်ထဲလွှင့်ပြစ်ရာ၌ မပါသွားသော စာအုပ်တွေ ဖြစ်၏ ။)

ဆရာမ ခင်ပန်းနှင်း အလှည့်ပြီးမှာ တော့ ကျွန်တော့် အလှည့်ရောက်လာခဲ့၏ ။

``ခင်ဗျားက´´

``မောင်ကျော်သာ (ပဲခူး)ပါ´´

``ခင်ဗျား နာမည် မေးတာ မဟုတ်ဘူး။ ခင်ဗျားမှာ ဘီယာစတေရှင်တစ်ခုပါလား၊ ဒါမှမဟုတ် တည်းခို ခန်းတစ်ခုပါလား၊ ဒါမှမဟုတ် ကုမ္ပဏီတစ်ခု၊ ဒါမှမဟုတ် အောင်မြင်မှု

တစ်ခု....´´

ကျွန်တော် က သူတို့ပြောတာတွေ ဘာတစ်ခုမှ ကျွန်တော့် ဆီမှာ မပါကြောင်းပြောလိုက်မိ၏ ။

``ဒါဖြင့် ခင်ဗျားဆီမှာ ဘာပါလဲ´´

``ကျွန်တော့် မှာ လိမ်မာမှု နှစ် ကျပ်ဖိုးနဲ့ မိုက်မဲမှု တစ်ဆယ်ဖိုးတော့ပါပါတယ်´´

``ဗျာ´´

``ဟုတ်တယ်၊ အဲဒါ မပါရင် ကျွန်တော် က ခရီးသွားလို့မရဘူး၊ ဒါပေမယ့် ယုတ်မာမှု တော့ မပါဘူး၊ ကျုပ်အဖေက အဲ့ဒါကို ဆောင်ထားဖို့ ဘယ်တုန်းကမှ ခွင့်မပြုခဲ့ဘူး´´

``ဘာတွေ ပြောနေလဲ မသိဘူး´´

ဒီလူတွေ တော် တော် ခေါင်းရှုပ်သွား၏ ။ ဒီလူတွေ ထဲမှာ ကျွန်တော် နှင့် မျက်မှန်းတန်းမိနေသည့် ပဲခူး သား တစ်ယောက် လည်းပါ၏ ။ သူတို့အချင်းချင်းတိုင်ပင်ရင်း ထိုလူက ကျွန်တော့် ဆီသို့ ကပ်လာသည်။ ပြီးတော့မှ ``ကျွန်တော် ပြောမယ်၊ ခင်ဗျားမှာ ငါးရာတန်တစ်ရွက်လောက်မပါဘူးလား´´ဟုပြောလိုက်သည်။

``ခင်ဗျားတို့ ဟိုလူတွေ ကိုပါ မြန်မြန်ပေးသွားရင် ကျွန်တော့် မှာ ပါတဲ့ဟာ အကုန်ပေးခဲ့မှာ ပါ´´

ကျွန်တော် က ဆရာဇော်နောင်တို့၊ ကိုမြေကြီးတို့၊ မင်းခိုက်စိုးစန်တို့၊ ကိုမင်းခိုင်ဦးတို့ဘက်ကို လက်ညှူးထိုးရင်း ပြောကြည့်လိုက်သည်။

``ရတယ်လေ၊ သူတို့လည်းကြာနေပြီ ခင်ဗျားနဲ့အတူသွားလည်းရပါတယ်´´

ကိုမြေကြီး၊ ဆရာဇော်နောင်၊ မင်းခိုက်စိုးစန်၊ ကိုမင်းခိုင်ဦးတို့အားလုံး ပျော်သွားကြသည်။ သူတို့က သူတို့ကဗျာတွေ သူတို့ဝတ္ထုတွေ သူတို့စာမူတွေ ကို သိမ်းဆည်းရင်း နှစ် ဆယ့်တစ်ရာစုသွားရာအပေါက်က ကမန်းကတန်းဝင်သွားကြသည်။

သူတို့တွေ ဟိုဘက်ကို ဝင်သွားအပြီးမှာ တော့ ကျွန်တော့် ညာဘက်လက်သူကြွယ်ကို ခါးနှင့် ဖြတ်ခါ၊ ဂိတ်စောင့်တွေ ကို ကျွန်တော် ပေးခဲ့သည်။ အဲဒီလက်သူကြွယ်မှာ အသားထဲမှာ မြုတ်ဝင်အောင် ကြပ်ထုတ် နေသည့် ကျောက်စိမ်းလက်စွပ်တစ်ကွင်းရှိနေခဲ့သည် မဟုတ်ပါလား။

♥ ♥ ♥

(သုံး)

နှစ် ဆယ်ရာစုဒီဘက်ကနေ နှစ် ဆယ့်တစ်ရာစု ဟိုဘက်ကို ရောက်တော့လည်း မိုးတွေ က သည်းသည်းမည် းမည် း ရွာချနေလိုက်တာ .....။

(ရုပ်ရှင်စတား၊ ဇန်နဝါရီ၊ ၂၀၀၀)

♥ ♥ ♥

# ပျောက်ဆုံးနေသော ကုတ်အင်္ကျီ

## (တစ်)

နေသည်လွှန်ခဲ့သော ကာလများ ထက်ကို စောစီးစွာ အိပ်ရာဝင်သွားခဲ့၏ ။ အောက်တိုဘာလရောက်ပြီ အောက်တိုဘာလရောက်ပြီဟု လူတစ်ချို့ က ပြောဆိုနေကြသည်။ အောက်တိုဘာလဟာ နေကိုဘာကြောင့် စောစီးစွာ ညထဲမောင်းသွင်းသွားရတာ ပါလဲ။ ဒီနေ့ ကျွန်တော်စားခဲ့သော အစာတွေ ထဲမှာ အစာမကြေဆုံး ဟာ စာအုပ်တွေ ပဲ ဖြစ်သည်။ ကျေးဇူးပြုပြီး အစာကြေဆေးတစ်ပြားနှင့် ရေတစ်ခွက်လောက်ပေးကြစမ်းပါ။ ကဗျာတွေ ဟာ ကျွန်တော့် အူကို ယားကျိကျိ ဖြစ်စေခဲ့၏ ။ ဘီရိုထဲကစာအုပ်တွေ ကို ပရုတ်တွေ ကို ပရုတ်လုံး တွေ က စားနေပြီး၊ ပရုတ်လုံးတွေ ကို ပိုးဟပ်တွေ က စားနေကြသည်။ ပရုတ်လုံးထုတ်လုပ်သူကို စီမံစီးပွား ထူးချွန်ဆု (ပထမအဆင့်)ပေးဖို့ ကျွန်တော် တင်ပြပေးရဦးမည် ဖြစ်ပါသည်။ ဝတ္ထုတွေ ထဲမှာ မော်ဒန်ဝတ္ထုတွေ ဟာ ရေး ရအလွယ်ဆုံးဟု လူ တစ်ယောက် ကဆို၏ ။ မော်ဒန်ဝတ္ထုဟာ ဘယ်လိုအမျိုး အစားလဲ အမြည် းအ ဖြစ် တစ်ခွက်လောက် ပေးသောက်စမ်းပါ။ မော်ဒန်ဝတ္ထု၊ ပို့စ်မော်ဒန် ဝတ္ထုတစ်ပုဒ်ဟာ (၃၄)လမ်းက မုန့်ဟင်းခါး တစ်ပွဲလောက် စားလို့ကောင်းပါရဲ့ လား။ ခပ်စပ်စပ်၊ ခပ်ငန်ငန်စားချင်လျှင်တော့ ငံပြာရည်နှင့် ငရုပ်သီးမှု န့်ကို ခပ်များများ ထည့်စားဖို့လို၏ ။

♥ ♥ ♥

## (နှစ် )

ရုရှား စာရေး ဆရာကြီး ဒေါ့စတာယက်စကီး ကတော့ ``ကျွန်တော်

တို့အားလုံးဟာ ကုတ်အင်္ကျီမှ ဆင်းသက်လာကြခြင်း ဖြစ်သည်´´ဟုဆိုခဲ့ဖူးပါသည်။ ခင်ဗျားမှာ ကုတ်အင်္ကျီတစ်ထည် ရှိခဲ့ဖူးပါသလား။ ဂိုဂိုး မှာ ကုတ်အင်္ကျီတစ်ရှိခဲ့ဖူး၏ ။ အကာကီးမှာ ကုတ်အင်္ကျီတစ်ထည်ရှိခဲ့ဘူး၏ ။ ကျွန်တော့်မှာ လည်း ကုတ်အင်္ကျီ တစ်ထည်ရှိခဲ့ဖူးပါသည်။ ထိုကုတ်အင်္ကျီဟာ ကျွန်တော့် ဘဝရဲ့ ဒဏ်ရာအနာတရများ ၊ အလိုမပြည့်မှု များ ၊ နာကျင်ခံစားရမှု များ ကို ကာကွယ်နိုင်ဖို့ မျှော်လင့်ချက်ဟူသော ခပ်ပါးပါးအိပ်မက်များ ဖြင့် စပ်ချုပ်ထားသော အင်္ကျီသာ ဖြစ်သည်။ ထိုကုတ်အင်္ကျီကို ခရစ္စတီးလေလံပွဲမှာ လေလံတင်ခဲ့လျှင် မာရီလင်မွန်ရိုး၊ အတွင်းခံ အင်္ကျီထက်ဈေးပိုရမှာ သေချာပါသည်။ ဒါပေမယ့် ထိုကုတ်အင်္ကျီ ကျွန်တော့်မှာ မရှိတော့ပါ။ အကာကီးလိုပဲ ထိုကုတ်အင်္ကျီဟာ ကာလတစ်ခုမှာ အခိုးခံလိုက်ရပြီ ဖြစ်သည်။ ကုတ်အင်္ကျီကြောင့် သေဆုံးခဲ့သော အကာကီး ကတော့ ညစဉ်ညတိုင်း တစ္ဆေဘဝဖြင့် သူ့ကုတ်အင်္ကျီကို လိုက်ရှာဆဲ ဖြစ်သည်ဟုဆို၏ ။ ကျွန်တော် တို့အားလုံးဟာ ကုတ်အင်္ကျီက ဆင်းသက်လာကြသူတွေ ပါ။

♥ ♥ ♥

(သုံး)

ပို့ အန်ချင်စရာကောင်းတဲ့သူတွေ ထဲမှာ ခင်ဗျားမပါဘူးဆိုတာ ကျွန်တော် ယုံကြည်ခဲ့ပါသည်။ ဒါပေမယ့် တချို့ လူတွေ ကို ကြည့်ရသည်မှာ ခွေးသေကောင်ပုပ်တစ်ကောင်ကို ကြည့်ရသလို ပို့ အန်ချင်စရာ ကောင်းနေခဲ့သည်။ ကွယ်ရာမှာ အတင်းပြောတတ်ပြီး အရာရာမှာ ကိုယ်သာသိသည်ထင်သူများ ကို ကျွန်တော် မုန်း၏ ။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ခဲ့လျှင် ရန်ကုန်မြစ်ရေတက်ချိန်မှာ ဟိုဘက်ကမ်းရောက်အောင် လက်ပစ်ကူးကြည့်စမ်းပါ။ လက်တွေ ကိုသာ ဆပ်ပြာဖြင့် ဆေးကြောရမှာ ဖြစ်ပြီး တစ်ချို့ လူတွေ က ဆပ်ပြာ တွေ ကို လက်နှင့်ဆေးကြောနေကြ၏ ။ ဘာပဲ ဖြစ် ဖြစ် တီဗွီထဲမှာ တော့ ဆပ်ပြာကြော်ငြာတော် တော် များများ ပါ လာခဲ့သည်။

ခန္ဓာကိုယ်မှာ ပေကျံနေသည့် အညစ်အကြေးထက် စိတ်မှာ ပေကျံနေသည့် အညစ်အကြေးကို အလျင်ဆေးဖို့လိုပါသည်။

♥♥♥

(လေး)

နေဟာ ယခင်လတွေ ထက် စောစီးစွာ အိပ်ရာဝင်ခဲ့၏ ။ နိဝင်ဘာလရောက်ပြီဟု တချို့ လူတွေ က ပြောဆိုနေခဲ့ကြသည်။ နိဝင်ဘာလဟာ နေကိုဘာကြောင့် ညထဲကို စောစောစီးစီး မောင်းသွင်းသွားရတာ ပါ လဲ။ ဆောင်းခိုငှက်တွေ ကတော့ အအေးဒဏ်ကြောင့် တောင်ဘက်အရပ်ကို ပျံသန်းလာခဲ့ကြ၏ ။ သူတို့မှာ အိပ်ချိဖိုက်အင်ဝမ်း ရောဂါ ပိုးတွေ ပါမလာကြောင်း ဆေးလက်မှတ်ဆေးစစ်ရန် လူ တစ်ယောက် ခန့်ဖို့လို၏ ။ ပြီးတော့ ပက်လက်ပျံခဲ့သလား မှော က်ခုံပျံခဲ့သလား စစ်ဆေးရန် လူ တစ်ယောက် ခန့်ဖို့လို၏ ။ ငှက်တွေ ဟာ ပက်လက်ပျံတတ်ကြပါသလား။ ဒါမှမဟုတ် ဘာကြောင့် ပက်လက်မပျံကြတာပါလဲ၊ (ပက်လက်ပျံသည့်ငှက် တွေ ကို ကျွန်တော် မတွေ့ဖူးမတွေ့ ဖူးတာလည်း ဖြစ်နိုင်ပါသည်။) ပက်လက်ပျံတဲ့ငှက်တွေ ကို ကျွန်တော် မတွေ့ဖူးပေမယ့် ပက်လက်လန်တဲ့ လူတွေ ကိုတော့ ကျွန်တော် တွေ့ဖူး၏ ။ ထိုလူတွေ ထဲမှာ ကျွန်တော် လည်း ပါခဲ့တာသေချာပါသည်။ မျှော်လင့်ချက်ကုတ်အင်္ကျီ ပျောက်ဆုံးပြီးကတည်းက ပက်လက်လန်တဲ့လူ တစ်ယောက် ကျွန်တော် ဖြစ်သွားခဲ့သည်။ အမေ ကတော့ သူ့သားဟာ သူဌေး တစ်ယောက် ဖြစ်လာရမည် ဟု အထင်ကြီးဆဲ ဖြစ်သည်။ ကျွန်တော့် ကုတ်အင်္ကျီပြန်ရှာပေးကြပါ။

♥♥♥

(ငါး)

လူတွေ ဟာ မွေးလာကတည်းက ဒုက္ခဆိုသည့် အထုပ်ကြီးပါလာခဲ့ကြောင်း သိသွားခဲ့သူဟာ ဆင်ဖြူရယ်ဘက်ကက် ဖြစ်၏ ။ ဒါပေမယ့် ထိုကိစ္စကို လွန်ခဲ့သော နှစ် ပေါင်း (၂၅၀၀)ကျော်ကပင် ဗုဒ္ဓဘုရား ရှင်က ရှာဖွေတွေ့ရှိပြီး ဖြစ်ပါသည်။ ဆင်ဖြူ ရယ်ဘက်ကက်ဟာ ဒုက္ခကိုသာမြင်ခဲ့ပေမယ့် ဗုဒ္ဓဘုရားရှင်က တော့ ဒုက္ခ ဖြစ်ခြင်းရဲ့ အကြောင်းတရားနှင့် ဒုက္ခချုပ်ခြင်းရဲ့ အကျိုး တရားကိုပါ မြင်ခဲ့သူ ဖြစ်သည်။ ဆင်ဖြူ ရယ်ဘက်ကက်ခင်ဗျား၊ ဘာကြောင့် ကျန်ရှိနေသေးသည့် တရားသဘောနှစ် ခုကို ခင်ဗျားမမြင်ခဲ့တာ လဲ၊ ကျွန်တော် စဉ်းစားမရပါ။ ဒါမှမဟုတ်လည်း ဒုက္ခတုံးကြီးထဲမှာ နစ်မြှုပ်ပျော်ဝင်နေရတာ ကို ခင်ဗျား ကိုယ်တိုင်က သဘောကျနေတာလည်း ဖြစ်နိုင်ပါသည်။ ခင်ဗျားမှာ ကုတ်အင်္ကျီတစ်ထည်ရှိခဲ့ဖူးပါ၏ ။ ဂိုးဂိုးမှာ ကုတ်အင်္ကျီတစ်ထည်ရှိခဲ့ဖူး၏ ။ အကာကီးမှာ ကုတ်အင်္ကျီတစ်ထည်ရှိခဲ့ဖူး၏ ။ ထိုကုတ်အင်္ကျီဟာ အခုလို ညတစ်ညမှာ ပဲ ကျွန်တော့် ဆီက ပျောက်ဆုံးခဲ့ခြင်း ဖြစ်သည်။ ဒီနေ့ ကျွန်တော် စားခဲ့တဲ့ အစာတွေ ထဲမှာ အစာ မကြေဆုံးဟာ အီရတ်စစ်ပွဲသတင်းတွေ ပဲ ဖြစ်သည်။ လူတွေ ဟာ ကိုယ့်ကိုယ်ကိုယ်အသေခံပြီး တခြားအပြစ်မဲ့ သူတွေ ပါ သေကျေပျက်စီးအောင် ဘာကြောင့် ဗုံးတွေ ခွဲနေကြပါသလဲ။ အီရတ် အမေရိကန်စစ်ပွဲဟာ လူလူချင်း အထင်သေးမှု က ဖြစ်လာတဲ့စစ်ပွဲလား။ ဒါမှမဟုတ် မကုန်နိုင်သေးသည့် အရင်းရှင်နယ်ချဲ့ဝါဒ အကြွင်းအကျန်၏ ပုံရိပ်လား၊ ဒါမှမဟုတ် ယဉ်ကျေးမှု အဟောင်းနှင့် ယဉ်ကျေးမှု အသစ်တို့၏ ပဋိပက္ခလား၊ ငြိမ်းချမ်းမှု ကို လက်နက်နှင့် မဖြေရှင်းနိုင်လျှင် ငြိမ်းချမ်းမှု ကို မည် သည့်အရာနှင့် ဖြေရှင်းနိုင်ပါမည် လဲ။ ငှက်တွေ ဟာ ပက်လက်မပျံသန်းဘဲ လူတွေ က ပက်လက်ပျံသန်းနေကြ၏ ။

♥ ♥ ♥

## (ခြောက်)

လူပုံတော် ဆိုတာ ပတ္တမြားသွေးဆေးအမှတ် တံဆိပ်တစ်ခုသာမဟုတ်ဘဲ မြတ်ကျော့၏ ပန်းချီကား တွေ နှင့် ဆိုဗီယက်ပန်းချီဆရာ ရာဂါးလ်၏ ပန်းချီကားတွေ ထဲမှာ ကျွန်တော် တွေ့ဖူးခဲ့သည်။ မြတ်ကျော့ဟာ မြန်မာပြည်ဖွား မြန်မာလူမျိုး ဖြစ်ပြီး ရာဂါးလ် ကတော့ ဆိုဗီယက်ဖွားဂျူး လူမျိုး ဟုဆိုပါသည်။ ဂျူး လူမျိုး တွေ ထဲ မှာ အင်နာဖရန့်နှင့် အိုင်စတိုင်းရဲ့ မျက်နှာတွေ ကို ကျွန်တော် အကြိုက်ဆုံး ဖြစ်၏ ။ မြတ်ကျော့ဟာ မြန်မာပြည် ဖွား မြန်မာလူမျိုး ဖြစ်ပြီး ရာဂါးလ် ကတော့ ဆိုဗီယက်ဖွားဂျူး လူမျိုး ဟုဆိုပါသည်။ ဂျူး လူမျိုး တွေ ထဲမှာ အင်နာဖရန့်နှင့် အိုင်စတိုင်းရဲ့ မျက်နှာတွေ ကို ကျွန်တော် အကြိုက်ဆုံး ဖြစ်၏ ။ လူ တစ်ယောက် ရဲ့ မျက်နှာကို ဘာကြောင့် ကြိုက်ရသလဲ သက်သေပြဖို့လိုမည် မထင်ပါ။ တစ်ချို့ လူတွေ ရဲ့ မျက်နှာဟာ ချစ်ဖို့ကောင်းပြီး တစ်ချိုကလူတွေ ရဲ့ မျက်နှာဟာ အန်ချင်စရာကောင်းကြောင်း ခင်ဗျားသိပြီး ဖြစ်ပါလိမ့်မည် ။ ရာသီဥတုပူနွေး လာ၏ ။ နေရာအတော် များများ မှာ မီးတောက်တချို့ ပေါက်ကွဲနေကြ၏ ။ ဝင်ရိုးစွန်းဒေသမှာ တော့ ရေခဲတောင် တွေ ကွဲအက်ပျော်ကျနေကြ၏ ။ ခွေးတွေ ဟာ တစ်နှစ် မှာ နှစ် သားမွေးလာကြ၏ ။ ငှက်တွေ ဟာ ကောင်းကင်မှာ ပက်လက်ပျံကြဦးမှာ လား။

♥ ♥ ♥

## (ခုနစ် )

နေဟာ ယခင်ကထက် စောစီးစွာ အိပ်တန်းတက်သွား၏ ။ ဒီဇင်ဘာလရောက်ပြီး၊ တစ်ချို့ လူတွေ က ဒီဇင်ဘာလရောက်ပြီဟု ပြောဆိုနေခဲ့ကြ၏ ။ တောင်ပေါ်မှာ နေကြာပန်းတွေ ပွင့်နေခဲ့ပြီလား။ တောင်နေကြာ တွေ ပွင့်လျှင် နမ့်ဉမ္မာကို သတိရသည်။ နမ့်ဉမ္မာဆိုတာ ကျွန်တော့် ချစ်သူ မဟုတ်ပါ။ နမ့်ဉမ္မာသည် ချောင်း တစ်ခု၏

အမည် သာ ဖြစ်သည်။ ထိုချောင်းထဲမှာ ရွှေကျင်ခဲ့သည့် အ ဖြစ်တွေ ကို ပြန်တွေ းမိတိုင်း ကျွန်တော့် ကုတ်အင်္ကျီကို သတိရမိ၏ ။ ထိုကုတ်အင်္ကျီဟာ ထိုအချိန်က လမ်းဘေးဘေထုပ်ပုံထဲမှာ (၄၅)ကျပ်သာပေးပြီး ဝယ်ခဲ့ရသော အင်္ကျီ ဖြစ်သည်။ ထိုအင်္ကျီဟာ ကျွန်တော့ရုပ်ကို အနည်းငယ်ခန့်သွားစေပြီး ကျွန်တော့် ကိုယ်ကို အအေးဒဏ်မှ အနည်းငယ်ကာကွယ်မှု ပေးပါသည်။ ထိုကုတ်အင်္ကျီဟာ အဟောင်းထည် ဖြစ်ပြီး ဘေထုပ်ထဲမှ ဝယ်ခဲ့ရသည့်တိုင် ထိုအင်္ကျီကိုတစ်ပတ်ရစ်ဟု ကျွန်တော် မထင်ခဲ့ပါ။ ထိုအင်္ကျီအတွက် ကျွန်တော် ဟာ ဒုတိယလူ ဖြစ်ခဲ့ပေမယ့် ဒုတိယလူဟု ကျွန်တော့် ကိုယ် ကျွန်တော် မမြင်ခဲ့ပါ။ ထိုအင်္ကျီဟာလူဘယ်နှယောက် ပြောင်းပြီးမှ ကျွန်တော့် ဆီကို ရောက်လာခဲ့ပါသလဲ။ ထိုအင်္ကျီရဲ့ မူလပိုင်ရှင်ကရော ဘယ်လိုမျိုး ထဲကပါလဲ။ ဒီလူဟာ သူဌေး တစ်ယောက် လား၊ ဒါမှမဟုတ် ကလေကချေတစ်ယောက် ၊ ဒါမှ စိတ်ကောင်းရှိသူ တစ်ယောက် ၊ ဒါမှမဟုတ် လူယုတ်မာ တစ်ယောက် ၊ ဒါမှမဟုတ် အိတ်စ် ရောဂါ နှင့် သေဆုံးသွားသူ တစ်ယောက် ၊ ဒါမှမဟုတ် အဆိုတော် ၊ ဒါမှမဟုတ် ပန်းချီဆရာ၊ ရုပ်ရှင်သရုပ်ဆောင် ဒါမှမဟုတ် အနုံကြီး ကွင်းကျယ် တစ်ယောက် ။ ဒီလိုသာဆိုလျှင်တော့ ကျွန်တော် ဟာ ထိုအင်္ကျီရဲ့ နောက်ဆုံးပိုင်ရှင် ဖြစ်ဖို့ဟာ သေချာသွားပြီ ဖြစ်သည်။ (အကာကီးလို အလုမခံရဘူးဆိုလျှင်ပေါ့) ဘာပဲ ဖြစ် ဖြစ် ကျွန်တော် ဟာ ထိုအင်္ကျီရဲ့ နောက်ဆုံးပိုင်ရှင်မ ဖြစ်ခဲ့ပါ။ ထိုအင်္ကျီဟာ ရွှေတွင် းအတူတူးသူ ကျွန်တော့် ပါတနာ၏ ခိုးယူမှု ကိုခံလိုက်ရပါ သည်။ ထိုကုတ်အင်္ကျီသာမက၊ တူးထားသော ရွှေတွေ နှင့် အတူ၊ နောက်ဆုံးပိုင်ရှင် ဖြစ်ပြီဟု ယူဆထားသော ကျွန်တော့် မိန်းမတစ်ပတ်နွမ်းပါးသူနှင့် အတူ ပါသွားခဲ့သည်။ ထိုနေ့ကစပြီး နောက်ကျောကိုဓါးနှင့် ထိုးသူဟာ ဗရုးတပ် တစ်ယောက် သာ မဟုတ်ဘဲ၊ မိန်းမနှင့် မိတ်တွေ ပါ ပါကြောင်း ကျွန်တော် သိသွားခဲ့ပါသည်။ ငှက်တွေ ဟာ ပက်လက်ပျံတတ်ကြပါသလား။ လူတွေ ကတော့ ပက်လက်ပျံတတ်လာ၏ ။ ကံကြမ္မာမိုးတွေ တစ်ပတ် လည်တဲ့နေ့မှာ သူတို့ရင်ဘတ်တွေ မိုးမစိုပါစေနှင့် ။

♥ ♥ ♥

# (ရှစ်)

ကျွန်တော် သာ မျက်လှည့်ဆရာဆိုလျှင်တော့ ကျွန်တော့် ခန္ဓာကိုယ်တစ်ခုလုံးကို မျက်လှည့်ပညာဖြင့် အမျိုး မျိုး ပြောင်းလဲပစ်ချင်ခဲ့ဖူးသည်။ ပခြုပ်ထဲထည့်လိုက်သည့် ကျွန်တော့် လက်ကို မြွေတစ်ကောင် ဖြစ်သွား အောင် (အာဒံ နှင့် ဧဝကို ပန်းသီးစားဖို့ဖြားယောင်း သွေးဆောင်ရန်) ဖန်ခွက်ထဲထည့်လိုက်သည့် ကျွန်တော့် နှလုံးသားကို ဗီးနပ်စ်ရုပ်ထု ဖြစ်သွားအောင် (နောက်လူတွေ လက်ဘယ်လိုထည့်ရမည် ကို စဉ်းစားကြည့်ရန်)။ သေတ္တာထဲထည့်လိုက်သည့် ကျွန်တော့် ဦးခေါင်းကို ရေမီးအစုံနှင့် ပြို လ်တစ်လုံး ဖြစ်သွားအောင် (နောက်နှစ် ပေါင်း (၆)သန်းကျော်မှာ ပျက်စီးသွားမည့် ကမ္ဘာကြီးနေရာမှာ အစားထိုးရန်။) တောင်နေကြတာတွေ ပွင့်နေကြပြီ။ တချို့ က ဒီလကို အောက်တိုဘာလဟုဆိုပြီး၊ တချို့ က နိဝင်ဘာလ ဟုဆို၏ ။ တချို့ ကတော့ ဒီဇင်ဘာလဟု ဆိုကြပြန်သည်။ ဒီလူတွေ မှာ ပြက္ခဒိန်မရှိတာလည်း ဖြစ်နိုင်ပါသည်။ ငှက်တွေ ဟာ ပက်လက်ပျံနေကြ၏ ။ မော်ဒန်ဝတ္ထုဟာ ရေး လို့လွယ်သည်ဟု တချို့ ကဆိုကြပြန်သည်။ ဖြစ်နိုင် လျှင် မော်ဒန်ဝတ္ထုတစ်ပုဒ်ကို မုန့်ဟင်းခါးနှင့် ရောစားချင်ပါသည်။ ငန်ငန်စပ်စပ် ဖြစ်ဖို့တော့ ငရုပ်သီးမှု န့်နှင့် ငံပြာရည်များများ ထည့်ဖို့လို၏ ။ နောက်ကျောကို ဓါးနှင့် ထိုးသူဟာ ဗရုတ်တပ် တစ်ယောက် တည်းမဟုတ်ပါ။ ဒီနေ့ ကျွန်တော် စားရသည့် အစာတွေ ထဲမှာ အစာမကြေဆုံးဟာ တစ်ပတ်နွမ်းမိန်းမရဲ့ ပါးပြင်ပေါ်က မဲ့နက် တစ်လုံးပင် ဖြစ်သည်။ ကျွန်တော့် ကုတ်အင်္ကျီပြန်ပေးပါ။ ကွယ်ရာမှာ အတင်းပြောတတ်သူနှင့် အားလုံးကို ကိုယ်သာသိသည် ထင်သူများ ကို ကျွန်တော် အမုန်းဆုံး ဖြစ်၏ ။ တိုးတက်ဖွံ့ဖြိုး လာသည်ဆိုသော လူ့ ယဉ်ကျေးမှု ဟာ အသေခံမုံးခွဲမှု များ ဖြင့် အစိတ်စိတ်အမွှာမွှာ ကွဲကြေလျက်ရှိသည်။ ငှက်တွေ ဟာ ပက်လက်မပျံဘဲ လူတွေ ဟာ ပက်လက်ပျံနေကြ၏ ။ ကံကြမ္မာမိုး တစ်ပတ်လည်လာသည့်အခါ သူတို့ ရင်ဘတ်တွေ မိုးမစိုပါစေနှင့် ။ လောလောဆယ်တော့ ကျွန်တော့် ကုတ်အင်္ကျီကို ပြန်ရှာပေးကြပါ။

(ပိတောက်ပွင့်သစ်၊ ဖေဖော်ဝါရီ၊ ၂၀၀၆)

♥ ♥ ♥